
mgyoe.com

SAMPLE BOOK

ကုံကျော်ဝတ်ရည်

# ဘာထူးများလဲ ဘာမှမထူး

မေငြိမ်း



mgyoe.com

mgyoe.com

SAMPLE BOOK

2000
kcy 055

# ဘာဖြားမှားဝေ — ဘာမှားဖော်

ပေငြိမ်း

K0334

Illustration by JOOSK

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - ဩဂုတ် လ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ်နှင့်<br>အတွင်းပုံနှိပ် | - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)<br>အမှတ်(၁၄၇)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပန်းချီ | - Joosk Studio |
| တန်ဖိုး | - ၂၀၀၀ ကျပ် |

mgyoe.com

mgyoe.com SAMPLE BOOK



# အများမှားတဲ့အမှားများ

မေငြိမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်ငယ်သည် သတ်ပုံကျမ်းကြီး၊ ကျမ်းခိုင် မဟုတ်။ 'အများမှားတဲ့ အမှားများ'ဆိုသည့်အတိုင်း နိစ္စဓူဝရေးသားနေကြသည့် အရေးအသားများထဲတွင် မကြာခဏ တွေ့ရသည့် သတ်ပုံအမှားများ (အထူးသဖြင့် Facebook ပေါ် လူမှုကွန်ရက်တွင် ပိုဆိုးသည်။)ကို အစ်မမေငြိမ်းက သတိပြုမိရာမှ ဆရာမပီပီ စိုးရိမ်ပူပန်စိတ်ဖြင့် Facebook ပေါ်မှာပင် သတ်ပုံအမှားနှင့်အမှန် ခွဲပြ ရေးသားခဲ့သည်။ ထိုရေးသားခဲ့သည့် စာစုများကို စုစည်းပြီး အိတ်ဆောင်စာအုပ်အဖြစ် ကံ့ကော်ဝတ်ရည် မှ ထုတ်ဝေခြင်း ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း သတ်ပုံကျမ်း မဟုတ်၍ မြန်မာစာလုံးပေါင်း သတ်ပုံအားလုံးကုန်တော့ ပါနိုင်မည် မဟုတ်ပါ။ နေ့စဉ်သုံးသတ်ပုံအချို့သာ ပါဝင်ပါလိမ့်မည်။

'အမှား ကြာ အမှန် ဖြစ်'မှာ စိုးရိမ်စိတ်ဖြင့် ဤစာအုပ်ကို ရေးသားပြီး ထုတ်ဝေခွင့်ပြုခဲ့သော အစ်မမေငြိမ်းအား အထူး ကျေးဇူး တင်ပါသည်။

ကံ့ကော်ဝတ်ရည်

mgyoe.com

mgyoe.com SAMPLE BOOK

# မှားနေကြတဲ့ သတ်ပုံတွေ

စာလုံးပေါင်းသတ်ပုံနဲ့ ပတ်သက်ရင် ကျွန်မက အတော် သဘောထား ပျော့ပြောင်းပါတယ်။ တော်ရုံအနက်အဓိပ္ပာယ်ကို လွဲမသွားစေရင် သိပ် ထောက်ပြမနေတော့ပါဘူး။ ဒါပေမဲ့ အတော်များများက မမှားသင့်တဲ့ သတ်ပုံတွေကို မှားလာတဲ့အခါမှာတော့ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်တော့ပါဘူး။ ဒါနဲ့ပဲ အများစုကြီး မှားနေတဲ့ စကားလုံးတွေကို စာနယ်ဇင်း စာမျက်နှာတွေနဲ့ Facebook ပေါ်က တွေ့သမျှ မှတ်ထားပြီး ရေးမိတော့တာပါ။

ကျွန်မရဲ့ သဘောထားကတော့ အဓိပ္ပာယ် ကွဲသွားစေတဲ့ စာလုံးပေါင်းတွေကို အဓိက သတိထားစေချင်တာပါပဲ။ ဒီနေရာမှာ အနက်ကွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ရေးထုံး၊ အသံစွဲ ရေးထုံးရှိတယ်လို့ ဆွေးနွေးတာတွေလည်း ရှိပါတယ်။ အဲဒါဆိုရင်တော့ စာလုံးပေါင်း အားလုံးကို လက်ခံရမယ့်သဘောမျိုး ဖြစ်သွားနိုင်ပါတယ်။ ကျွန်မ အယူအဆကတော့ စံထားသတ်ပုံ ဖြစ်ရမယ်ဆိုရင် (ကျွန်မ ကိုယ်တိုင် သဘောမတူချင်တောင်မှ) တရားဝင်ပြဋ္ဌာန်းတဲ့ အဘိဓာန်ကိုသာ ကိုးကားသုံးရမှာ ဖြစ်ပါတယ်။ (ခုထိတော့ ကျွန်မ .. လို့တောင် ကျမကိုယ်တိုင် လက်ခံ မသုံးဖြစ်သေးပါဘူး)။

အခိက အမှားများကြတာက 'ကသတ်'၊ 'တသတ်' မကွဲတာ၊ 'ယပင့်'၊ 'ယရစ်' မကွဲတာ နဲ့ Active-Passive အသုံးတွေ မကွဲကြတာပါ။ (ကျွန်မတို့ငယ်ငယ်က သုဒ္ဓကြိယာ၊ ကာရိုက်ကြိယာလို့ ပါဠိအခေါ်နဲ့ သင်တာမို့ အဲဒီအခေါ်ကို မှတ်ရတာမှာတင် ခေါင်းမူး ခဲ့ရပါတယ်။ အင်္ဂလိပ်လို Active Voice (ပြုလုပ်ခြင်း) Passive Voice (ပြုလုပ်ခြင်းခံရ)လို့ မှတ်ရင် ပိုလွယ်ပါတယ်)

ဒီစာအုပ်ဟာ အများစုမှားနေတဲ့အမှားတွေကိုပဲ ဦးစားပေး ထောက်ပြထားတာ ဖြစ်ပါတယ်။

မေငြိမ်း

၂၀၁၈ ဧပြီ

mgyoe.com

mgyoe.com SAMPLE BOOK



အမည်ရင်း - ငြိမ်းခက်ခက် ။ ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပေအဓိကဖြင့် မဟာဝိဇ္ဇာဘွဲ့ရ။ ၁၉၈၆ အောက်တိုဘာလ မှ ၁၉၉၅ မေလထိ ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေတွင် မြန်မာစာနည်းပြဆရာမ၊ ၁၉၉၅ မှ ၁၉၉၈ ထိ ဘားအံကောလိပ်တွင် လက်ထောက်ကထိက၊ ၁၉၉၈ တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် မြန်မာစာဌာန ၊ ၁၉၉၉ မှ ၂၀၀၃ ထိ မော်လမြိုင်တက္ကသိုလ် မြန်မာစာဌာန၊ ၂၀၀၃ မေလမှ ၂၀၀၅ ဖေဖော်ဝါရီလ အထိ ဒဂုံတက္ကသိုလ် မြန်မာစာဌာနတို့တွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့။ ၁၉၈၆ မှ ယနေ့ထိ ကလောင်နာမည် မငြိမ်း ဖြင့် ဝတ္ထု ကဗျာ ဆောင်းပါးများ ရေးသားနေဆဲဖြစ်ပြီး လုံးချင်းဝတ္ထုစာအုပ် ၁၅ အုပ် ၊ ဝတ္ထုတိုပေါင်းချုပ် ၂ အုပ်နှင့် အဆိုတော် ဖော်ဝင်းထွဋ်အကြောင်း အသံသစ်ပြတိုက်စာအုပ်တို့ကို ပုံနှိပ် ထုတ်ဝေခဲ့ပြီး။ ယခုအချိန်ထိ အမေရိကန်ပြည်ထောင်စု ၊ ဝါရှင်တန်ဒီစီရှိ နိုင်ငံခြားဘာသာသင်ကျောင်းများတွင် မြန်မာစာဆရာမ အလုပ်ဖြင့် အသက်မွေးနေဆဲ။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | |
|---|---|
| ၁။ ကျ ၊ ကြ | ၁၁ |
| ၂။ ကျော်၊ ကြော် | ၁၃ |
| ၃။ ကြော်ငြာ ၊ ကြေညာ | ၁၅ |
| ၄။ ကြို ၊ ကျို | ၁၇ |
| ၅။ ကြိုး ၊ ကျိုး | ၁၉ |
| ၆။ ကျေ ၊ ကြေ | ၂၁ |
| ၇။ ကျက် ၊ ကြက် | ၂၃ |
| ၈။ ကျမ်း - ကြမ်း - ကျန်း | ၂၅ |
| ၉။ ကျွေး - ကြွေး | ၂၇ |
| ၁၀။ ကျွန်း ၊ ကျွမ်း | ၂၉ |
| ၁၁။ ချ ၊ ခြ | ၃၁ |
| ၁၂။ ချိုး ၊ ခြိုး | ၃၃ |
| ၁၃။ ချင်း ၊ ခြင်း | ၃၅ |
| ၁၄။ ချဉ်း ၊ ချည်း | ၃၇ |
| ၁၅။ ညှပ် ၊ ညပ် | ၃၉ |
| ၁၆။ တတ် ၊ တက် ၊ တပ် | ၄၃ |
| ၁၇။ တုံး ၊ တုန်း | ၄၅ |
| ၁၈။ ပဲ ၊ ဘဲ | ၄၇ |
| ၁၉။ ပစ် ၊ ပြစ် ၊ ပျစ် | ၄၉ |
| ၂၀။ ပတ် ၊ ပါတ် | ၅၁ |
| ၂၁။ ဖူး ၊ ဘူး | ၅၃ |


mgyoe.com

mgyoe.com SAMPLE BOOK


၂၂။ ဖျက် ၊ ဖျတ် ၅၅
၂၃။ ပျောက် ၊ ဖျောက် ၅၇
၂၄။ ဖျက်ဆီး၊ ပျက်စီး ၅၉
၂၅။ ဖွံ့၊ ဖွင့် ၆၁
၂၆။ မီ ၊ မှီ ၆၃
၂၇။ မဲ့ ၊ မယ့် ၆၅
၂၈။ မျက် ၊ မြက် ၆၇
၂၉။ ရေ ၊ ရည် ၆၉
၃၀။ အရေအတွက် ၊ လူဦးရေ ၇၁
၃၁။ အရည်အချင်း ၊ အရည်အသွေး ၊ ကိုယ်ရည်ကိုယ်သွေး ၇၃
၃၂။ ရဲရဲဝံ့ဝံ့ ၊ ရဲရဲဝင့်ဝင့် ၇၅
၃၃။ လယ် ၊ လည် ၇၇
၃၄။ လဲ၊ လည်း ၇၉
၃၅။ လွှတ် ၊ လွတ် ၈၁
၃၆။ လွှင့် ၊ လွင့် ၈၃
၃၇။ ပြောင်းလဲ ၊ ပြောင်းလွဲ ၈၅
၃၈။ လဲ ၊ လွဲ ၈၇
၃၉။ လက်ထပ် ၊ လက်ထက် ၈၉
၄၀။ သုပ် ၊ သုတ် ၉၁
၄၁။ သတင်း ၊ သီတင်း ၉၃
၄၂။ သကြား ၊ သိကြား ၉၅
၄၃။ သက်သတ်လွတ် ၊ သတ်သတ်လွတ် ၉၇
၄၄။ သက်သောင့်သက်သာ ၉၉


mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK


# ကျ ၊ ကြ

- သွားနေကျ ဆိုင်ကိုပဲ သွားကြတာပေါ့။
- သူက ဒီလို လုပ်နေကျပဲလေ။
- ကလေးတွေ အတူတူ ကစားနေကြတယ်။
- သူတို့က ဝတ္ထုတိုပဲ ဖတ်နေကျကနေ အခုတော့ ဝတ္ထုရှည်တွေပါ ဖတ်လာကြပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK


# ကျော်၊ ကြော်

- လူဦးရေ သုံးရာ**ကျော်**၊ ထောင်**ကျော်**။
- စားသောက်ဆိုင်မှာ ငွေရှင်းတော့ ၁ သိန်း**ကျော်** ကျတယ်။
- အဲဒီမြို့က မိုင်၃၀**ကျော်**လောက်ဝေးတယ်။
  (အရေအတွက် + ကျော်)
- သူခိုးက ခြံစည်းရိုးကို **ကျော်**လွှားပြီး ပြေးသွားတယ်။
- နယ်စပ်မျဉ်းကို တရားမဝင် **ကျော်**ဖြတ်ခြင်းက ရာဇဝတ်မှု မြောက်သည်။
- သူတို့က ကျုး**ကျော်**လာတာပါ။
- သူက ဒီရုပ်ရှင်ကားနဲ့ **ကျော်**ကြားလာတာ။
- သူက နာမည်ဆိုးနဲ့ **ကျော်**စောတယ်။
- ထမင်း**ကြော်** စားမလား ၊ ခေါက်ဆွဲ**ကြော်** စားမလား။
- ကျွန်မက **ကြော်**လျော် ချက်ပြုတ်တာ ဝါသနာ မပါဘူး။
- စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ဖို့ **ကြော်**ငြာ ကောင်းကောင်း လိုသလား။

**ကြော်**လျော်၊ **ကြော်**ချက် - **ကျော်**လွှား ၊ **ကျော်**လွန်

mgyoe.com

mgyoe.com
SAMPLE BOOK





mgyoe.com

mgyoe.com SAMPLE BOOK


# ကြော်ငြာ ၊ ကြေညာ


နောက်ထပ် လူအတော်များများ မှားလေ့ရှိတဲ့ အသုံးတစ်ခုပါ။

- ပစ္စည်းတစ်ခု ဒါမှမဟုတ် ထုတ်လုပ်မှုတစ်ခုကို လူစိတ်ဝင်စားအောင် ပြသရတာက **ကြော်ငြာ**ပါ။ **ကြော်ငြာ**က Noun(နာမ်) ဖြစ်ပြီး **ကြော်ငြာ**တယ်လို့ Verb(ကြိယာ) အနေနဲ့ သုံးရပါတယ်။
- အကြောင်းအရာ တစ်ခု ဒါမှမဟုတ် သတင်းအချက်အလက်တွေကို လူတွေသိအောင် ထုတ်ဖော်ပြောပြရတာက **ကြေညာ** ရတာပါ။ **ကြေညာ**က Verb(ကြိယာ) ဖြစ်ပြီး Noun(နာမ်)အနေနဲ့ သုံးရင် **ကြေညာ**ချက်၊ **ကြေညာ**ခြင်း၊ **ကြေညာ**တာ စသဖြင့် သုံးလို့ရပါတယ်။ (အဓိပ္ပာယ်ချင်း သုံးရပုံချင်း လုံးဝ မတူပါ)
- စီးပွားရေးလုပ်ငန်း အောင်မြင်ရေးမှာ **ကြော်ငြာ**ကဏ္ဍကလည်း အရေးပါပါတယ်။
- သတင်း**ကြေညာ**တဲ့အလုပ် လုပ်ချင်သလား။

mgyoe.com

mgyoe.com SAMPLE BOOK





mgyoe.com

mgyoe.com SAMPLE BOOK




# ကြို ၊ ကျို

- သူငယ်ချင်းကို ဘူတာမှာ သွားကြိုမလို့။
- ဒီပွဲမှာ ကျွန်မက ညှော်ခံ ကြိုဆိုရေးအတွက် တာဝန်ကျတယ်။
- မြန်မာနိုင်ငံက ကြိုဆိုပါတယ်။
- ကလေးတွေ ကျောင်းအကြိုအပို့အတွက် ကျောင်းကားရှိပါတယ်။
- နွားနို့ကို ကြာကြာကျိုမှ သောက်လို့ကောင်းတယ်။
- မုန့်လုပ်ဖို့ ထန်းလျက်ရည် ကျိုနေတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK





mgyoe.com

mgyoe.com SAMPLE BOOK



# ကြီး ၊ ကျိုး

- ကြီးစားမှုတိုင်းမှာ အကျိုး ရလဒ် ရှိပါတယ်။
- သူ ကြီးခုန်နေတုန်း ချော်လဲတာ ခြေထောက် ကျိုးသွားတယ်။
- သူက ဒီ အစဉ်အလာထဲမှာ ခေါက်ရိုးကျိုးနေပြီ။
- သူက လူကြီးတွေကို ဆက်ဆံတဲ့နေရာမှာ ကျိုးကျိုးနွံနွံရှိတယ်။
- ကြီးစား၊ ကြီးပမ်း၊ ကြီးကြီးကုတ်ကုတ်၊ ကြီးစားပမ်းစား။
- အပ်ချုပ်ကြီး၊ အုန်းဆံကြိုး ၊ သံယောဇဉ်ကြိုး။
- အကျိုးစီးပွား၊ အကျိုးကျေးဇူး၊ အကျိုးထူး၊ အကျိုးအာနိသင်၊ အကျိုးရှိ။
- အကျိုးအပဲ့၊ ကျိုးပဲ့၊ ခေါက်ရိုးကျိုး။
- မသိကျိုးကျွံ။

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



# ကျေ ၊ ကြေ

- ကမ္ဘာကျေသော်လည်း ဥဒါန်းမကြေ။

အကောင်အထည် ရှိတဲ့အရာတွေ ကျေမွပျက်စီးတာကို ကျေနဲ့သုံးပြီး အကောင်အထည် ဒြပ်မရှိတဲ့ အရာတွေ ပျက်စီးတဲ့သဘောကို ကြေနဲ့ သုံးပါတယ်။

- ကမ္ဘာမကြေဘူး။
- ကျေနပ်တဲ့အထိ တောင်းပန်ပါတယ်။
- အရိုးကျေကျေ အရည်ခန်းခန်း။
- စစ်ပြေးဒုက္ခသည်တွေရဲ့ ဘဝက ကြေကွဲစရာ ကောင်းလှပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK





mgyoe.com

mgyoe.com SAMPLE BOOK


# ကျက် ၊ ကြက်

- ဗြိတိန်နိုင်ငံက ကွယ်လွန်သွားပြီဖြစ်တဲ့ လေဒီဒိုင်ယာနာရဲ့ အလှကို **ကျက်**သရေ ရှိတဲ့အလှလို့ တင်စားကြပါတယ်။
- ဟင်းချက်နေတာ **ကျက်**ပြီလား။
- မျက်နှာ**ကြက်**မှာ ပန်ကာတစ်လုံးရှိတယ်။
- အသားထဲမှာ **ကြက်**သားပဲ စားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK





mgyoe.com

mgyoe.com
SAMPLE BOOK


# ကျမ်း - ကြမ်း - ကျန်း

- ကျမ်းစာအုပ်ကို ကြမ်းပြင်ပေါ် ချမထားပါနဲ့။
- ကျန်းမာရေးက အရေးကြီးဆုံးပါ။
- ကြမ်းတမ်းတဲ့ အမူအရာရှိတဲ့သူကို ဘယ်သူမှ သဘောမကျပါဘူး။
- ကြမ်းတမ်းတဲ့ စကားတွေ မပြောပါနဲ့။

mgyoe.com